ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (29-3-2007) (၅၂၇၆)

❒ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများရရှိလာပြီး တည်ငြိမ်အေးချမ်းမှုများ ပိုမိုရလာ၊
❒ တည်ငြိမ်အေးချမ်းမှု ရလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်ပေးလာနိုင်။

# နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်သည်ထက်တိုးတက်အောင် ဆောင်ရွက် နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးမှု၏ အေးချမ်းမှုကို ထူထောင်ပေး

# တရားဥပဒေနှင့်အညီ အုပ်ချုပ်မှုစနစ် ခိုင်မာမှသာ လူ့အခွင့်အရေး အပြည့်အဝရမည်ဆိုသည်ကို မျက်ခြည်မပြတ်ရန်လို

နေပြည်တော် မတ် ၂၈

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။**



**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုကော်မတီဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆



**အမှာစကားပြောကြား**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇) တွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၉-၃-၂၀၀၇
(ကြာသပတေးနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဒို့တာဝန်အရေးသုံးပါး ထာဝရ ဦးထိပ်ပန်ဆင် အဖျက်ရန်စွယ်အန္တရာယ် ပြည်သူတို့နှင့်လက်တွဲချေမှုန်း

တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့ပြီး တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ရှိသော တိုင်းရင်းသား မိဘပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ (၆၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ ရက်နေ့က နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားရာတွင်-

**"မျိုးချစ်တပ်မတော်ဟာ နိုင်ငံတော်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်တဲ့ အန္တရာယ်ပေါ်ပေါက်လာတိုင်း မဆိုင်းမတွ ရင်ဆိုင်ဖြေရှင်းစောင့်ရှောက်ခဲ့စမြဲဖြစ်တယ်။ တပ်မတော်ကတော့ အတိတ်နဲ့ ပစ္စုပ္ပန်မှာလည်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သလို အနာဂတ်မှာလည်း ဒို့တာဝန်အရေးသုံးပါးကိုသာ အမြဲထာဝရ ဦးထိပ်ပန်ဆင်သွားမှာဖြစ်တယ်။ ပြည်ထောင်စုကို ဖြိုခွဲသူမှန်သမျှ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲသူမှန်သမျှ၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးသူမှန်သမျှဟာ နိုင်ငံတော်ရဲ့ ရန်ဆူးရန်ငြောင့်တွေသာဖြစ်ကြောင်း ပြောကြားလိုတယ်"**

ဟူ၍ မိန့်ကြားခဲ့သည်။

အတိတ်သမိုင်းတွင် မြန်မာနိုင်ငံအပေါ် လွှမ်းမိုးခြယ်လှယ်လိုသည့် အင်အားကြီး နိုင်ငံမှန်သမျှသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေရန် သပ်လျှိုသွေးခွဲခဲ့ကြသည်။ ယနေ့ကာလတွင်လည်း တိုင်းရင်းသား လူမျိုးစုအချင်းချင်း သွေးကွဲစေရန်၊ တပ်မတော်အင်အားချည့်နဲ့စေရန် နည်းမျိုးစုံဖြင့် သွေးထိုးဖြိုခွဲမှုများ လုပ်ကြံဖန်တီးနေကြဆဲဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက မည်သို့ပင် နှောင့်ယှက်ဖျက်ဆီးဖန်တီးလုပ်ဆောင်နေစေကာမူ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့အကြား ဖြစ်တည်နေသည့် ခိုင်ကျည်မြဲမြံသော စည်းလုံးညီညွတ်မှုဖြင့် အဖျက်အန္တရာယ်ဟူသမျှကို ချေမှုန်းသွားနိုင်မည်သာဖြစ်သည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို အသက်စွန့်ကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် မျက်မှောက်ကာလတွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ တပ်မတော်သည် ပြည်သူ၊ ပြည်သူသည် တပ်မတော်ဖြစ်ရာ ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးကို ထာဝရဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ထိပါးနှောင့်ယှက်လာသည့် အဖျက်ရန်စွယ် အန္တရာယ်ဟူသမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းသွားနိုင်မည်သာ ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းနေ မောင်ဇာနည်ဦးက မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာနနာယက ဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၂)ဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၈

**မွန်ပြည်နယ်နှင့် သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို မတ် ၁၅ ရက် နံနက် ၉နာရီတွင် သထုံမြို့ သုဝဏ္ဏခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

ယင်းနောက် ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပထမဆုရ သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ထွန်းထွန်းလင်း၊ ဒုတိယဆုရ ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မခင်သူဇာလွင်နှင့် တတိယဆုရ ဘီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်အောင်ဝင်းသန်းတို့အား ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍တိုင်းမှူးနှင့်အဖွဲ့သည်သင်တန်းတက်ရောက်ခဲ့သည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၁၅၀နှင့် ပြည်နယ်အလုပ်အမှုဆောင်များ၊ သထုံခရိုင်လေးမြို့နယ် အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကဝဆရာတော် အရှင်ဝဏ္ဏိတသရ တရားပွဲများ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် ကဝအရှင်ဝဏ္ဏိတသရ(ဓမ္မာစရိယ)၊ ကမ္မဋ္ဌာနာစရိယ၊ ဖြူးမဟာစည်နယ်လှည့် ဓမ္မကထိကသည် မတ် ၃၀၊ ၃၁ ရက်တို့တွင် ကဝမြို့နယ် ကံလှကျေးရွာ ဦးလှမြင့်-ဒေါ်နွဲ့ကြည် အထူးတရားပွဲ၊ ဧပြီ ၁ ရက်တွင် ကဝမြို့နယ် အောင်ဆုပန်အလှူပွဲ၊ ဧပြီ ၂ ရက်ညတွင် လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ မာရ်အောင်ဓမ္မာရုံ၊ ဧပြီ ၇ ရက်၌ ခရမ်းမြို့၊ ဧပြီ ၈၊ ၉ ရက်တို့တွင် ကျုံပျော်မြို့နယ် တိုင်းလုံးချမ်းသာ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၊ ဧပြီ ၁၀ ရက်ညတွင် ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာ ဦးလှတင်-ဒေါ်သန်းညွန့်တို့၏ ရဟန်းခံရှင်ပြုအလှူအကြိုဓမ္မသဘင်တွင် ညစဉ်၇နာရီတွင် ဟောကြားမည်။ ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ မာရ်အောင်ဓမ္မာရုံတွင် နေ့စဉ်နံနက် ၉နာရီမှ ၁၁ နာရီအထိ နွေရာသီသင်္ကြန် ၁၀ ရက် တရားစခန်းတို့၌ ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

**ရန်ကုန် လှိုင်သာယာမြို့နယ် F.M.I City သဇင်(၃)လမ်းနေ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်၊ သမီးမနှင်းအိစေ မိသားစုက ဒေါ်မြင့်မြင့်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကြေးပိဋကတ်တော်ငါးချုပ်(ငွေကျပ် ၁၀၀၀၀၀)ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။** (က-ပ)



# ပင်လယ်ရေကြောင်းသင်္ဘောများ လုံခြုံရေး အိန္ဒိယနှင့် ဂျပန် ပူးပေါင်းဆောင်ရွက်မည်

**တိုကျို မတ် ၂၇**

အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ရေကြောင်းသင်္ဘောများ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း တာဝန်ရှိသူများက မတ် ၂၄ ရက်တွင် ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပရာနတ်မူခါဂျီးတို့ တိုကျိုမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယင်းသို့ သဘောတူညီခြင်းဖြစ်သည်။ မူခါဂျီးသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုအာဆိုနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ မူခါဂျီးသည် သုံးရက်ကြာခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည်။ အိန္ဒိယသမုဒ္ဒရာအတွင်း ခုတ်မောင်းသွားလာသော ရေနံတင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများ အပါအဝင် သင်္ဘောများအားလုံး ပင်လယ်ဓားပြတိုက်မှု ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း မူခါဂျီးက ပြောကြားသည်။

အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်လည်း သဘောတူညီကြသည်။ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ယခုနှစ်အတွင်း ရေတပ်ပူးတွဲလေ့ကျင့်မှုကို ပြုလုပ်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ပြည်ပမှ ရေနံဝယ်ယူတင်သွင်းရာတွင် အရှေ့အလယ်ပိုင်းဒေသမှ ထုတ်လုပ်သည့် ရေနံကို အဓိက ဝယ်ယူလျက်ရှိသည်။ အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းသည့် ရေနံတင်သင်္ဘောများ လုံခြုံမှုရှိစေရေးအတွက် အိန္ဒိယရေတပ်၏ အကူအညီပေးမှုကို ရရှိရန်လိုအပ်သည်။

အရပ်ဘက်သုံး နျူကလီးယား စွမ်းအားထုတ်လုပ်ရေးလုပ်ငန်းများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း မိမိတို့ ဆွေးနွေးခဲ့ကြောင်း မူခါဂျီးက ပြောကြားသည်။

***အင်တာနက်။***

## သစ်သီးဝလံပန်းမန် တင်ပို့မှု ဗီယက်နမ်တိုးမြှင့်မည်

**ဟနွိုင်း မတ် ၂၇**

ဗီယက်နမ်နိုင်ငံ၌ ဟင်းသီးဟင်းရွက်၊ သစ်သီးနှင့် ပန်းမန်တင်ပို့မှုလုပ်ငန်းသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၈၀ ရရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်း ၇၀၀၊ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရရှိမည်ဟု မျှော်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံတွင် သစ်သီးပန်းမန်ထွက်ကုန်တင်ပို့သည့် လုပ်ငန်းသည် နှစ်စဉ် ၂၉ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်ကုန်သွယ်ရေးလုပ်ငန်း ဒုတိယဝန်ကြီး တရန်ဒူမင်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ ဗီယက်နမ်နယူးသတင်းစာက မတ် ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ကုန်တွင် သစ်သီး ၁၀ မျိုးကို ပိုမိုထွက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိမ္မော်သီး၊ ဂရိတ်ဖရု၊ နာနတ်၊ သရက်၊ လုံဂန်နှင့် လိုက်ချီးသီးတို့ပါဝင်ကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံခြားသတင်း

# ကျေးလက်ဖွံ့ဖြိုးရေး တရုတ်နှင့်ဗင်ဘာဘွေ ပူးပေါင်းဆောင်ရွက်မည်

**ဟာရာရေး မတ် ၂၇**

တရုတ်နှင့် ဇင်ဘာဘွေနိုင်ငံတို့သည် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့် မြှင့်တင်ပေးနိုင်ရန် ဆောက်လုပ်ရေး၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ရေးနှင့် လူမှုရေးကဏ္ဍ အသီးသီးနှင့် ပတ်သက်သည့် နားလည်မှု စာချွန်လွှာတစ်ရပ်ကို တနင်္လာနေ့တွင် လက်မှတ်ရေးထိုးကြသည်။

တရုတ်နှင့်ဇင်ဘာဘွေတို့သည် နိုင်ငံတည်ဆောက်ရေး အတွေ့အကြုံမျှဝေခံစားနိုင်ပြီး ကျေးလက်ဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း ဇင်ဘာဘွေ ကျေးလက်အိမ်ရာနှင့် လူမှုရေးဌာနဝန်ကြီးကီမာဆန်က လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၈

**နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင်သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊စစ်သည်များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။**

### ဆုချီးမြှင့်

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားပြီး တိုင်းစစ်ဌာနချုပ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိအဆင့် ပထမဆုရ ဗိုလ်ဒေါ်ဆွေနွယ်ဝင်း၊ အရာခံအဆင့် ပထမဆုရ ဒုတိယအရာခံဗိုလ်စိုးမြင့်၊ အကြပ်အဆင့်ပထမဆုရ ဒုတိယတပ်ကြပ် မောင်မျိုးနှင့်တပ်သားအဆင့်ပထမဆုရ တပ်သားချစ်ဦးတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ကျပ် တစ်သိန်းစီတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




### ဆုချီးမြှင့်

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# ကန်တော်ကလေး၊ ထီးတန်းဓမ္မာရုံအသင်းကြီး တရားပွဲ

**ရန်ကုန် မတ် ၂၈**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်ပိုင်း)ရပ်ကွက် ဓမ္မာရုံလမ်းရှိ ထီးတန်းဓမ္မာရုံကြီးရှေ့ တရားမဏ္ဍပ်၌ မတ်၂၉ရက် (ကြာသပတေးနေ့)တွင်ဘဒ္ဒန္တ မာလာစာရ (မိုးကုတ်ဆရာတော်)၊ မတ်၃၀ရက် (သောကြာနေ့) တွင် ဘဒ္ဒန္တ ဣန္ဒာစာရ (သန်လျင်ဆရာတော်)၊ မတ် ၃၁ရက်(စနေနေ့)တွင် ဘဒ္ဒန္တ ဝါသေဋ္ဌ(ပဋ္ဌာန်းဆရာတော်)၊ ဧပြီ ၁ရက်(တနင်္ဂနွေနေ့)တွင် အရှင်အာစာရာလင်္ကာရ (ကိုးဘွဲ့ရဆရာတော်)၊ ဧပြီ ၂ ရက်(တနင်္လာနေ့)တွင် အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဧပြီ ၃ရက် (အင်္ဂါနေ့)တွင် အရှင်သုဇာတ(မဟာစည် မေတ္တာအေးဆရာတော်)နှင့် ဧပြီ ၄ရက်( ဗုဒ္ဓဟူးနေ့)တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်) အရှင်သူမြတ်ခုနစ်ပါးတို့က ညစဉ် ၇ နာရီမှ စတင်၍ တရားရေအေး တိုက်ကျွေးဟောကြားမည် ဖြစ်ပါ၍ တရားနာကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

# မစ္စတာပတ်ကေးချုံးအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ လီဂျူဟွမ်းနေရာတွင် မစ္စတာ ပတ်ကေးချုံးအား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပတ်ကေးချုံးသည် ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ စီးပွားရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိပြီး ၁၉၇၈ ခုနှစ်တွင် ဆိုးလ်အမျိုးသားတက္ကသိုလ် ပြည်သူ့အုပ်ချုပ်ရေးဘွဲ့ သင်တန်းကျောင်း၌ လေ့လာဆည်းပူးခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ပြည်သူ့ဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိပြီး ၁၉၉၄ခုနှစ်တွင် အင်္ဂလန် ရှက်ဖီးလ်တက္ကသိုလ်မှ နိုင်ငံရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ဝန်ကြီးချုပ်ရုံး ကြေးနန်းဆက်သွယ်ရေးမူဝါဒဆိုင်ရာ စီမံကိန်းနှင့် ညှိနှိုင်းရေးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ၁၉၈၀ပြည့်နှစ် မေလတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်မှစ၍ မစ္စတာ ပတ်ကေးချုံးသည် ဝန်ကြီးချုပ်ရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ ပတ်ကေးချုံးသည် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်ရုံး ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရေး ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဧပြီလမှစ၍ ဝန်ကြီးချုပ်ရုံး ပေါ်လစီရေးရာစီမံကိန်းနှင့် စီမံခန့်ခွဲရေး ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ပတ်ကေးချုံးသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သား၊ သမီးနှစ်ယောက်ရှိသည်။ (သတင်းစဉ်)

# (၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသ

ရန်ကုန် မတ် ၂၈

**၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသရာ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း ၁၀၅၀ လာရောက်ကြည့်ရှု လေ့လာကြသည်။**

### ပြသထား

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ပြခန်း၌ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်အား ၁၀ပါး၊ အလောင်းမင်းတရားကြီး၏ စစ်ချီခရီး လမ်းကြောင်းပြ မြေပုံ၊ တပ်မတော်အစဉ်အလာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ ဆီအုန်းပင်ကို အမှတ်တရ ချီးမြှင့်စိုက်ပျိုးနေပုံဓာတ်ပုံ၊ ဗမာ့လွတ်လပ်ရေး တပ်မတော် ထားဝယ်စစ်ကြောင်းမှ ချီတက်ဝင်ရောက်လာပုံပြကွက်၊ မြိတ်မြို့ဝန် ဦးမြတ်လေး၏ မြိတ်တိုက်ပွဲပြကွက်၊ နိုင်ငံတော်အကြီးအကဲများ၏ မှတ်တမ်း ဓာတ်ပုံများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြကွက်၊ ကမ်းရိုးတန်း တိုင်းစစ်ဌာနချုပ် သမိုင်းအကျဉ်း၊ နိုင်ငံ အဝန်း သစ်တောစွမ်းအားဖြင့် စိမ်းလန်းစေရမည်ပြကွက်၊ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးဖြစ်ရမည်ပြကွက်၊ တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ပုလဲထွက်ရာဒေသဖြစ်သည့် ပြကွက် အပါအဝင် ဓာတ်ပုံပြကွက်များကို ပြည်သူများ ဗဟုသုတ ရရှိစေရန် ပြသထားသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်ပြခန်းတွင် ရွှေတိဂုံဝန်းကျင် ပြကွက်၊ မြန်မာ့ထွတ်စံ ဗုဒ္ဓညီလာခံပြကွက်၊ နယ်ချဲ့တွန်းလှန် မျိုးချစ်အားမာန်ပြကွက်၊ နိုင်ငံချစ်လျှင် လွတ်လပ်ရေးခံမင် ပြကွက်၊ ပြည့်ကျိုးထင်ဟပ် ဦးတည်ချက် တစ်ဆယ့်နှစ်ရပ်ပြကွက်၊ လေးရပ်တာဝန် တပ်ကျေပွန်ပြကွက်၊ ချစ်ကြည်သွေးစည်း နိုင်ငံတော်ရှေ့ခရီး ပြကွက်၊ ငါးရပ်ဖွံ့ဖြိုးကျေးလက်ဒေသ အကျိုး၊ အောင်ပွဲဆင့်လိုင်း ရန်ကုန်တိုင်း ပြကွက်၊ ဖွံ့ဖြိုးတိုးတက်မှုစုံ မြို့ရန်ကုန် စသည့် ပြကွင်း ပြကွက်များကို ပြသထားသည်။

### ကြည့်ရှုလေ့လာနိုင်

အဆိုပါ ပြပွဲကို ဧပြီ ၄ရက် အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ပြသထားမည်ဖြစ်ရာ ပြည်သူများအခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)


## (၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

ရွှေတိဂုံဘုရားလမ်း

(၂၆-၃-၂၀၀၇) မှ (၄-၄-၂၀၀၇)

မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်


# နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင် ပြည်သူများ ကြည့်ရှုလေ့လာအပန်းဖြေအနားယူ

**နေပြည်တော် မတ် ၂၈**

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို အများပြည်သူများ လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် ယနေ့နံနက် ၇နာရီမှ ည ၉နာရီအထိ ဆက်လက်ဖွင့်လှစ်ထားရှိရာ နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှဝန်ထမ်းများ၊ ပျဉ်းမနား တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ မိသားစုများ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

တပ်မတော်ပန်းခြံနှင့် ရင်ပြင်၌ ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများကို လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများ မျက်စိပသာဒနှင့် အမြင်အာရုံသစ်ဆန်းစေရန် လှပဝေဆာစွာ ထွန်းညှိစိုက်ပျိုးထားရှိရာ ပြည်သူများသည် စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေလျက်ရှိကြသည်။

ထို့ပြင် တပ်မတော်ပန်းခြံနှင့် ရင်ပြင်သို့ နေပြည်တော်အနီးဝန်းကျင်ရှိ ပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းများလည်း ပြေးဆွဲပေးလျက်ရှိသည်။ အဆိုပါ ပန်းခြံနှင့် ရင်ပြင်ကို မတ် ၃၁ရက်ထိ နေ့စဉ်နံနက် ၇နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

**၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီး အတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် အများပြည်သူများ ကြည့်ရှုလေ့လာအပန်းဖြေကြစဉ်။** (သတင်းစဉ်)



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မတ် ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အဲယားပုဂံလေယာဉ်ဖြင့် ပုဂံ–ညောင်ဦးမြို့မှ နေပြည်တော်သို့ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ–ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**

ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၃၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီး ဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန် ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrongအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**❖ အတွင်းရေးမှူး(၁)မှ**

ဒုတိယဝန်ကြီးဦးမောင်မြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrongက ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ယွမ် ၄ ဒသမ ၇၅ သန်း လှူဒါန်းလိုပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)



## လာရောက်တွေ့ဆုံ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး** H.E. Mr. Qin Guangrong **ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

## နှစ်ဆန်းတစ်ရက် နိဗ္ဗာန်ဈေးပွဲတော်

**ရန်ကုန် မတ် ၂၈**

ကြံခင်းမြို့၌ နှစ်စဉ်ကျင်းပသော နှစ်ဆန်း(၁)ရက်နေ့ ၄၉ ကြိမ်မြောက် ရွှေရတုအကြို နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)မှ စတုဒိသာ ရွှေရင်အေးဖြင့် သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။

သင်္ကြန်ရက်များအတွင်း သက်ကြီးပူဇော်ပွဲကျင်းပခြင်း၊ ငါးလွှတ်ခြင်းနှင့် အဘိုးအဘွားများအား ခေါင်းလျှော်၍ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ယူကြမည်ဖြစ်သည်။

ကြံခင်းမြို့သို့ လိုက်ပါလိုသော အသင်းဝင်များနှင့် အလှူငွေထည့်ဝင်လိုသူများ ဧပြီ ၂ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း–၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ဌေး ဖုန်း–၂၅၆၇၈၄၊ ၀၉–၅၁၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း–၅၄၁၀၆၅၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေးညွန့် ဖုန်း–၆၅၁၂၄၇နှင့် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာကျော်စိုးလင်း ဖုန်း ၀၉–၉၈၂၁၄၀၁ တို့ထံ ဆက်သွယ်နိုင်ပြီး ဧပြီ ၁၂ ရက် ညနေ ၆ နာရီတွင် အောင်ကျော်မိုးကားဂိတ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ ရောက်ရှိရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)



# သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့်အဖွဲ့သည် ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်သန်းသန်းဌေးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉–၃–၂၀၀၇ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ တံတားမြစ်ငယ် အသစ်သွယ် လူမှုစီးပွားကြွယ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀ ၆။ **“သူငယ်ချင်းမရှိတဲ့ဥပဒေ” (မင်းဝေ၊ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ–မောင်ယဉ်ကျော်)**
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ Discovery
၅:၄၀ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သီရိဂေဟာ
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ်ရွက်ကလေး၏ရင်ခုန်သံ” (အပိုင်း–၁၀)**
၇:၄၅ ၁၄။ ပြည်သူ့အတွက်တပ်မတော် (နိုင်ငံ့အင်အား လမ်းနှင့်တံတား)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အကြင်နာနွေဦး” (အပိုင်း–၂၃)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။






ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း (အရာရှိ) (၁/၂၀၀၇)တွင် တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# အနာဂတ်ကို ကြိုတင်မျှော်တွေးပြီး မိမိတို့၏မီဒီယာလုပ်ငန်းများ ခေတ်မီတိုးတက်လာအောင် မိမိတို့တွင်ရှိသည့် ပစ္စည်းများဖြင့် လိုက်လျောညီထွေစွာ ဆောင်ရွက်တတ်ရန်လို

နေပြည်တော် မတ် ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ်(၁/၂၀၀၇)တွင် တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။**

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

### တိုက်ဖျက်ချေမှုန်း

တွေ့ဆုံပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ဤသင်တန်းကို ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းအချက်အလက် နည်းပညာခေတ်ဖြစ်ကြောင်း၊ အနာဂတ်ကို ကြိုတင်မျှော်တွေးပြီး မိမိတို့၏မီဒီယာလုပ်ငန်းများ ခေတ်မီ တိုးတက်လာအောင် မိမိတို့တွင်ရှိသည့် ပစ္စည်းများဖြင့် လိုက်လျောညီထွေစွာ ဆောင်ရွက်တတ်ရန်လိုကြောင်း၊ ထို့အပြင် ပြည်သူများနှင့် နီးကပ်စွာတွေ့ရသည့် ဝန်ထမ်းများဖြစ်သဖြင့် ပြည်သူများကို မှန်ကန်စွာ စည်းရုံးဆွေးနွေးဟောပြောတတ်ရန်လိုအပ်ကြောင်း၊ စာတမ်း၊ နံရံကပ်စာစောင် လက်ကမ်းစာစောင်များ ရေးသားဖြန့်ဝေနည်းကိုလည်း ကျွမ်းကျင်ရန်လိုကြောင်း၊ စည်းရုံးရေးမှူးကောင်းတစ်ဦး၊ တည်ဆောက်ရေးမှူးကောင်းတစ်ဦးဖြစ်လာရန် ကြိုးစားကြရန် လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိမိ၏အားနည်းချက်များကို လျော့ပါးပြီး အားသာချက်များတိုးတက်နေအောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် မီဒီယာလက်နက်ဖြင့် စည်းရုံးတတ်ရန် လိုအပ်ကြောင်း၊ ထို့အပြင် အဖျက်သမားများ၏ အန္တရာယ်ကိုလည်း မီဒီယာနည်းဖြင့် တိုက်ဖျက်ချေမှုန်းတတ်ရန်လိုကြောင်း။

### တိုက်တွန်းပြောကြား

ဒုတိယရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ၊ အရည်အသွေးပိုင်းဆိုင်ရာ မြင့်မားရေးဖြစ်ကြောင်း၊ အခြေခံလိုအပ်ချက်မှာ မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိတို့ဒေသအသီးသီးရှိ ပြည်သူများတွင် ပြည်ထောင်စုကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ် တိုးပွားလာအောင် စည်းရုံးကြိုးပမ်းတတ်ရန် လိုအပ်ကြောင်း။

တတိယရည်ရွယ်ချက်မှာ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် ရည်မှန်းချက်တာဝန်(၈)ရပ်ရှိကြောင်း၊ ယင်းတို့အထဲမှ အရေးကြီးသော အချက်နှစ်ချက်ကို ရွေးနုတ်ပြီး မှာကြားလိုကြောင်း၊ ပထမအချက်မှာ ဖွင့်လှစ်ပြီးဖြစ်သော ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်ဒေသများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမှာ ကြီးမားသော အောင်မြင်မှုပင်ဖြစ်ကြောင်း၊ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် အမျိုးသားရေး လိုအပ်ချက်ဖြစ်ကြောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အချက်(၅)ချက်ဖြင့် ညီညွတ်ရန်လိုကြောင်း၊ ထို့အပြင် အား(၅)အားကို ရယူရန်လိုကြောင်း၊ ယင်းတို့မှာ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၏ အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အား၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ ပြည်သူ့အားနှင့် မိမိဌာန၏ အားတို့ပင်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများကို စည်းရုံးသည့်အခါ ပကတိအခြေအနေများကို သိရှိအောင် စည်းရုံးရှင်းပြတတ်ရန်လိုကြောင်း၊ နောက်တစ်ချက်မှာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းများ ထက်မြက်သွက်လက်လာအောင်၊ အရည်အသွေးမြင့်မားလာအောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် သင်တန်းသား သင်တန်းသူများအနေဖြင့် အရာရာကို စေတနာထားဆောင်ရွက်ကြရန်၊ သင်တန်းတွင် သင်ကြားပို့ချသော သင်ခန်းစာများကို ကြိုးစားသင်ယူပြီး လက်တွေ့နယ်ပယ်တွင်အကျိုးရှိအောင်၊ ထိရောက်မှုရှိအောင် ကြိုးစားသွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ကြေးငွေများကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၆၀တို့ တက်ရောက်လျက်ရှိသည်။

(သတင်းစဉ်)

## မြသီတာကမ္မဋ္ဌာန်းကျောင်း တရားစခန်းပွဲ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်း လှိုင်မြို့နယ် မြကန်သာ(၄)လမ်း ဆရာလေးဒေါ်ကေသီ၏ မြသီတာကမ္မဋ္ဌာန်းကျောင်း ခုနစ်ရက်တရားစခန်းကို တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း ၄ ရက် (၁၃-၄-၂၀၀၇ မှ ၁၉-၄-၂၀၀၇)အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝဏ္ဏိတ(ဓမ္မာစရိယတန်း) အရှင်မြတ်နှင့် ဦးဖေအောင်၊ ဆရာလေးဒေါ်ကေသီတို့က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဧပြီ ၁၂ ရက် ညနေအရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

(က-ပ)

### သာယာမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

## ဆုတောင်းပြည့်မဟာရွှေစေတီတော်မြတ်ကြီး ထီးတော်၊စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ တည်ထားကိုးကွယ်သော ဆုတောင်းပြည့်မဟာရွှေစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ထီးတော်၊စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲကို မတ်၂၈ရက်မှ စတင်၍ ဧပြီ ၁ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ မဟာရွှေစေတီတော်မြတ်ကြီး၏ ထီးတော်၊စိန်ဖူးတော်၊ငှက်မြတ်နားတော်ကို (နှောင်းတန်ခူးလပြည့်) ဧပြီ ၁ ရက် နံနက် ၉နာရီတွင် တင်လှူပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)




### ပေးအပ်ချီးမြှင့်

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ဝါဝါသန်းအလှပြုပြင်ရေးတို့ ပူးပေါင်းဖွင့်လှစ်သည့် ဆံပင်၊ မိတ်ကပ်၊ အလှပြုပြင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၇) ဆင်းပွဲနှင့် (၂/၂၀၀၇) သင်တန်းဖွင့်ပွဲကို မတ် ၂၀ရက်တွင် ကျင်းပရာ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေး သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။**

(အမျိုးသမီးရေးရာအဖွဲ့ချုပ်)

## နိုင်ငံ တည်ဆောက်ရေးနှင့် လူမှုအရင်းအမြစ်များ၏ အခန်းကဏ္ဍဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုနှင့် Bargo Garment Co., Ltd.၏ ပံ့ပိုးကူညီမှုတို့ဖြင့် မတ် ၃၁ရက် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ရင်လှိုင် (National University of Singapore) က နိုင်ငံတည်ဆောက်ရေးနှင့် လူမှုရေး အရင်းအမြစ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အင်တာနက်ကျန်းမာရေးသတင်း

## အက်စပရင်ဆေး မှန်မှန်စားသုံးခြင်းသည် အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်

**ချီကာဂို မတ် ၂၈**

သီတင်းတစ်ပတ်လျှင် အက်စပရင်ဆေးပြားတစ်လုံးမှ ၁၄လုံးအထိ သောက်သုံးသူ အမျိုးသမီးများတွင် အသက်တိုနိုင်သည့် အလားအလာကို လျော့ကျစေသည်ကို လေ့လာတွေ့ရှိသည်ဟု သုတေသီတစ်စုက မတ် ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထိုလေ့လာမှုကို ၂၄ နှစ်တာပြုလုပ်ခဲ့ရာ အက်စပရင်သောက်သုံးခြင်းက သေဆုံးနိုင်မှုအလားအလာကို ၂၈ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း လေ့လာသိရှိခဲ့ကြသည်။ အထူးသဖြင့် နှလုံးရောဂါဖြင့် သေဆုံးမည့်အခြေအနေမှ လျော့ကျစေသည်ဟုဆိုသည်။

နှလုံးရောဂါရှိသူ အမျိုးသားများနှင့် အမျိုးသမီးများကို အက်စပရင်ဆေးပေး၍ ကုသရာ၌ ထိရောက်မှုရှိသည်ကို တွေ့ရပြီးဖြစ်သည်။ သို့ရာတွင် နှလုံးရောဂါမရှိသူ အမျိုးသမီးများအပေါ်၌ အက်စပရင်၏ ထိရောက်မှုများမှာမူ အကန့်အသတ်နှင့်သာရှိသည်ကိုတွေ့ရသည်ဟု ဒေါက်တာအင်ဒရူးချန်းက ပြောကြားသည်။ ဖော်ပြပါလေ့လာမှုကို ဟားဗတ်ဆေးတက္ကသိုလ်နှင့် မက်ဆာချူးဆက် အထွေထွေရောဂါကုဆေးရုံမှ ပညာရှင်များပူးပေါင်းပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အက်စပရင်ဆေးပြားကို တစ်နှစ်မှငါးနှစ်အထိ မှန်မှန်စားသုံးပါက နှလုံးသွေးကြောရောဂါဖြင့် သေဆုံးရမည့်အဖြစ်ကို လျော့ပါးစေသည်ဟူသော အချက်ကို အပတ်စဉ်ထုတ် ဆေးပညာမော်ကွန်းစာစောင်တွင် ဖော်ပြခဲ့သည်။

ကင်ဆာရောဂါဖြင့် သေဆုံးရမည့်အခြေအနေကို အက်စပရင်ဆေးသောက်သုံးခြင်းကြောင့် လျော့ကျစေနိုင်သည်ဆိုသော သိသာသည့် အထောက်အထားကိုမူ ယင်းဆေးကို ၁၀ နှစ်တာမျှ သောက်သုံးသည့်တိုင်အောင် ထင်ထင်ရှားရှား မတွေ့ရဟုဆိုသည်။

အက်စပရင်ဆေးသောက်သုံးခြင်း၏ အကျိုးအာနိသင်ကိုများသောအားဖြင့် အသက်ကြီးပိုင်းအရွယ် အမျိုးသမီးများတွင်ပို၍တွေ့ရသည်။

အမေရိကန်နိုင်ငံရှိ သူနာပြုပေါင်း ၈၀၀၀၀ နီးပါးတို့၏ ကျန်းမာရေးအခြေအနေကို ၁၉၇၆ ခုနှစ်မှစ၍ လေ့လာရာမှ အထက်ပါတွေ့ရှိချက်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်***

▲ **ကျောဖုံးမှ**

ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိကိုယ်တိုင် ဦးစီးဦးဆောင်သော ဗဟိုကော်မတီဖြင့် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုဝေးနေထိုင်ရာ နိုင်ငံဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ကိုလိုနီနယ်ချဲ့စနစ်၏ ကျွန်ဘဝသို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရပြီး ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ သွေးခွဲအုပ်ချုပ်မှုဒဏ်ကို ခံစားခဲ့ကြရသဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားကာ အချင်းချင်း သွေးကွဲခဲ့ရကြောင်း။

ကိုလိုနီကျွန်ဘဝမှ တိုင်းပြည် ပြန်လည်လွတ်လပ်လာသည့်အခါ၌ လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် သာယာရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးနိုင်ခြင်းမရှိတော့ဘဲ တိုင်းပြည်၌ သွေးချောင်းစီးပြီး မီးဟုန်းဟုန်းတောက်ခဲ့မှုများကိုသာ ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း။

### ညီညွတ်မှုပျက်ပြား

ယင်းသို့သော အခြေအနေ၌ တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းပပျောက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်စွမ်းမရှိသည်နှင့်အမျှ ပို၍သံသယပွားများကာ စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပြန်ကြောင်း။

**မိမိတို့ လက်ထက်၌ ပြည်ထောင်စုကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သာယာရေးတို့ကို မျှော်မှန်းပြီး နိုင်ငံတော်၏ တာဝန်အရှိဆုံးအဖွဲ့အစည်းအနေဖြင့် ဦးစီးဦးဆောင်ပြု၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်ကြိုးပမ်း တည်ဆောက်ခဲ့သည်မှာ ယနေ့အထိဖြစ်ကြောင်း။**

### ဖိဖိစီးစီးဆောင်ရွက်

နယ်စပ်ဒေသများနှင့် အတွင်းပိုင်းဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုအပိုင်း ကွာဟနေမှုများ လျော့နည်းကျဆင်းအောင် တည်ဆောက်မှုလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်ရှိလာပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်လာကြကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများရရှိလာပြီး တည်ငြိမ်အေးချမ်းမှုများ ပိုမိုရလာကြောင်း၊ တည်ငြိမ်အေးချမ်းမှု ရလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်ပေးလာနိုင်ကြောင်း။

### လက်တွဲပူးပေါင်း

နိုင်ငံတော်၏ စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ် ပိုမိုသဘောပေါက်နားလည်လာကြသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခွဲများလည်း ထပ်မံ ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်လာလျက်ရှိကြောင်း။

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရာ အထူးသဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝမြင့်မားရေးအတွက် ပဓာနကျသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့၌ အတွင်းပိုင်းဒေသ များထက် များစွာနိမ့်ကျကျန်ရစ်ခဲ့ကြောင်း၊ ယင်းအခြေအနေကို ကျော်လွှားနိုင်အောင် မိမိတို့ အားထည့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

### သာမန်တာဝန်ပေး၍မဖြစ်နိုင်

ယင်းသို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာဌာနများကိုသာ သာမန်တာဝန်ပေးနေ၍ မဖြစ်နိုင်သဖြင့် မိမိကိုယ်တိုင် ဦးစီးသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုလည်းကောင်း၊ လုပ်ငန်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ယင်းကော်မတီများ၏ ကြီးကြပ်ကွပ်ကဲမှု၊ ပေါင်းစပ်တာဝန်ယူမှုတို့ဖြင့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် သက်ဆိုင်ရာ ဝန်ကြီးဌာနကိုလည်း သီးခြားဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

**ယင်းကဲ့သို့ ဖွဲ့စည်းတာဝန်ခွဲဝေခြင်း မှန်ကန်မှု ချမှတ်ထားသော မဟာဗျူဟာနှင့် နည်းဗျူဟာမှန်ကန်မှုတို့ကြောင့် ယနေ့နယ်စပ်ဒေသများမှာ ယခင်အခြေအနေများနှင့်မတူ အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ အချို့နယ်စပ်ဒေသများဆိုလျှင် အတွင်းပိုင်းဒေသများထက်ပင် ဖွံ့ဖြိုးစည်ပင်သာယာလာနေသည်ကို လက်တွေ့မြင်တွေ့လာရကြောင်း။**

### မွန်မြတ်သောရည်မှန်းချက်

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံး အကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် အောင်မြင်မှုရရှိလာကာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးသည် အတိုင်းအတာတစ်ရပ်အထိ အခြေခိုင်မာလာလျက်ရှိကြောင်း။



**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးမှာ အဓိကကျရာ နိုင်ငံတော်က ၁၉၈၈ခုနှစ်မှ ယနေ့အထိ တံတားကြီး ၇၆ စင်း၊ တံတားငယ် ၉၉၅ စင်းနှင့် ကြိုးတံတား ၄၁ စင်းတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ပုံတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မအီချောင်းတံတားကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။**

**ယနေ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း အခိုင်အမာချမှတ်ထားပြီးဖြစ်ရာ ယနေ့နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး၊ ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်းအားဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်မှာ ဖြစ်ကြောင်း။**

### အေးချမ်းမှုထူထောင်

နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်မှလည်း နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးမှု၏ အေးချမ်းမှုအရိပ်ကို ထူထောင်ပေးနိုင်ရန်လည်း ကြိုးပမ်းကြဖို့ဖြစ်ကြောင်း။

မိမိတို့၏နယ်စပ်ဒေသများသည် ခေတ်အဆက်ဆက်၌ တရားဥပဒေစိုးမိုးမှု၏ အရသာကို အပြည့်အဝမခံစားရဘဲ အားနည်းခဲ့ရသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

**လူ့အဖွဲ့အစည်း၌ တရားဥပဒေစိုးမိုးမှုခိုင်မာမှ၊ တစ်နည်းအားဖြင့် တရားဥပဒေနှင့်အညီ အုပ်ချုပ်မှုစနစ်ခိုင်မာမှသာ လူ့အခွင့်အရေး အပြည့်အဝရမည်ဆိုသည်ကို မျက်ခြည်မပြတ်ရန်လိုကြောင်း။**

### အားကြိုးမာန်တက်တည်ဆောက်

တရားဥပဒေစိုးမိုးမှု၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာရန် အလေးအနက်ထား အကောင်အထည်ဖော်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးကို အောင်မြင်အောင် အားကြိုးမာန်တက် တည်ဆောက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

### ဆောင်ရွက်ချက်များတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို တင်ပြရာ၌ ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက နယ်စပ်ဒေများရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ယနေ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများသည် အချိန်တိုအတွင်းတွင် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း။

**ယနေ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း အခိုင်အမာ ချမှတ်ထားပြီးဖြစ်ရာ ယနေ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဖိဖိစီးစီး၊ ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်း အားဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်။**

ဗဟိုကော်မတီဥက္ကဋ္ဌ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ၌ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ လူ့စွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးနေမှုကြောင့် အချို့သော နယ်စပ်ဒေသများ၌ လူမှုစီးပွားရေးအခြေအနေများသည် မျှော်မှန်းသည်ထက် ပိုမို တိုးတက်ဖြစ်ထွန်းလာပြီး မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုသည်လည်း သိသိသာသာ လျော့နည်းလာခဲ့ကြောင်း။

### လမ်းပန်းဆက်သွယ်မှုတိုးတက်ရေး

**၁၉၈၉ခုနှစ်မှ စတင်ပြီး ယနေ့အထိ နယ်စပ်ဒေသအသီးသီး၌ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်မည်ဆိုလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်က ကျပ်သန်းပေါင်း ၅၁၉၉၄ကျော်သုံးစွဲပြီး နယ်စပ်ဒေသများ၏ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၃၄၃၆ မိုင်၊ ကျောက်ခင်းလမ်း ၂၃၀၁ မိုင်၊ ကတ္တရာလမ်း ၃၉၄ မိုင်၊ တံတားကြီး ၇၆ စင်း၊ တံတားငယ် ၉၉၅ စင်းနှင့် ကြိုးတံတား ၄၁ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မူလရှိပြီးလမ်း ၃၃၉၆မိုင်ကိုလည်း ပြုပြင်ထိန်းသိမ်းပေးခဲ့ကြောင်း။**

ဤကဲ့သို့ တည်ဆောက်ပေးခဲ့၍ ပထဝီဝင်မြေ အနေအထားအရ ခက်ခဲသည့် နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများ၌ ပြန့်ကြဲနေထိုင်ကြသည့် တိုင်းရင်းသားများသည် အနေနီးလာကြပြီးဖြစ်ကြောင်း၊ ယခင်ကမရောက်နိုင်၊ မသွားနိုင်၊ မလာနိုင်သည့် နေရာများကို သွားနိုင်ရောက်နိုင်၊ ကုန်စည်ကူးသန်းနိုင်ကြပြီဖြစ်ကြောင်း၊ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ ဆက်သွယ်သွားလာနိုင်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေကြောင်း၊ ဆက်လက်၍ အဓိကကျသည့် လမ်းကြီးများ ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများ ပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သည့် နေရာများ၌ လမ်းများတိုးချဲ့ ဖောက်လုပ်ပေးလျက်ရှိကြောင်း။

### လူ့စွမ်းရည်မြှင့်တင်ရေး

နိုင်ငံတော်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်ကိုလည်း အထူးဦးစားပေး ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍ၌ နိုင်ငံတော်က မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် UNDP နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ကျောင်းပေါင်း ၅၀၇ကျောင်း ဆောက်လုပ်ပြီး ကျောင်းပေါင်း ၅၉၈ ကျောင်း ပြုပြင်ခဲ့ကြောင်း။

ထို့အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးနေသူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်းပညာသင်ယူနိုင်ရန်အတွက် နယ်စပ်တစ်လျှောက်၌ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨**

# နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်း ထိရောက်အောင်မြင်



**နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုလုပ်ငန်းတွင် ဆက်သွယ်ရေးကဏ္ဍမှ အဓိကပါဝင်စွမ်းဆောင်ပေးလျက်ရှိသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ဂြိုဟ်တုဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။**

⇨ **စာမျက်နှာ ၆ မှ**

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၇ ကျောင်းဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသ ကျောင်းသားများ ကျောင်းသုံးစာအုပ် အခမဲ့ရရှိရေးအတွက် နတလ လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့်ဖြန့်ဝေပေးခြင်း၊ UNICEF နှင့် ပူးပေါင်းဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

**ဘိန်းပပျောက်ရေး**

ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံကိန်းဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ၏ သားသမီး ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်းပြီး Food for Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် နယ်စပ်ဒေသ ကျောင်းဝင်နှုန်း၊ ကျောင်းတက်နှုန်း မြင့်မားလာသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်က ကျောင်းသား တစ်ထောင့်ငါးရာသာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခုစာသင်နှစ်တွင် ကျောင်းသား ၁၈၅၅၂ ရှိလာသဖြင့် အဆပေါင်း ၁၂၀ ကျော် တိုးပွားလာကြောင်း၊ နယ်စပ်ဒေသလူငယ်များ ပညာပိုမိုတတ်မြောက်လာသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောင်ခြည်များပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု ဆိုးကျိုးများ ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ လူထုများ ပူးပေါင်းဆောင်ရွက်လာခြင်းသည် မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

နယ်စပ်နေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာအပြင် အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်က စတင်၍ ရန်ကုန်နှင့်မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရတိုင်းရင်းသားလူငယ် ၅၇၄ ယောက်သည် ၎င်းတို့ ဇာတိဒေသများ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြသကဲ့သို့ အချို့ကျောင်းသားများသည်လည်း မဟာတန်းကို ဆက်လက်ဆည်းပူးနေကြပြီဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း အဆင့်မြင့်ပညာသင်ကြား တက်ရောက်ဆဲ ကျောင်းသား ၇၂၇ ဦးရှိကြောင်း၊ ထို့အပြင် ၎င်းတို့၏ဒေသ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူလူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများ၌ ဦးစားပေးပညာဆည်းပူးခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အသက်မွေးပညာ**

စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၊ ဘဝရပ်တည်နိုင်ရန်လည်း အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၄ ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများကို စရိတ်ငြိမ်းသင်ကြား လေ့ကျင့်ပေးလျက်ရှိရာ၌ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက် သင်တန်းသူ ၂၀၈၄၄ ယောက် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်၍လည်း နယ်စပ်ဒေသများ၌ တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင် စသည့် သက်မွေးပညာရပ်များသင်ကြားပေးသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကိုလည်း စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်က **"ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"** ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒအတိုင်း နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၌ ၁၉၈၈ ခုနှစ်က ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်းရှစ်ခန်း၊ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ တို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၁၃၂၃ ဦးထိ တိုးချဲ့တာဝန်ပေးအပ်ထားသည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်း၌လည်း ခုတင် (၂၀၀) ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီး နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အတိုင်း နယ်စပ်ဒေသများ၌ ဆင်းရဲနွမ်းပါးနေသည့် တိုင်းရင်းသားများအတွက် ဒေသတွင်း ဖြစ်ထွန်းနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားရေးဖူလုံမှုရှိအောင် ပထမဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒုတိယအနေဖြင့် ပိုလျှံသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များစီစဉ်ပေးခြင်းဖြင့် ဝတ်ရေး၊ နေရေး ဖူလုံအောင်လည်း ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၈ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်း ငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာ ဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း။

**မွေးမြူရေး**

ဤကဲ့သို့ စားဝတ်နေရေးဖူလုံစေရန်အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်းဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့်မြည်း မျိုးကောင်း ၁၁၁ ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေး အခြေခံစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နယ်စပ်ဒေသ အသီးသီး၌ စိုက်ပျိုးရေးရုံးနှင့် စိုက်ပျိုးရေးစခန်းများ၊ အသေးစားဆည်နှင့် တူးမြောင်းများ၊ ထွန်စက်စခန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဗဟိုကော်မတီဥက္ကဋ္ဌ လမ်းညွှန်ချက်အတိုင်း သဘာဝပတ်ဝန်းကျင်ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ မြေပြန့်များ၌ လယ်ယာမြေအသစ်များ ဖော်ထုတ်ပေးခြင်းကိုလည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်းမြင့်လယ်ယာစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်ပြီး ၁၀ နှစ် စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်ထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်း ကျောက်ထုဒေသများ၌ ဧက ၂၁၄၅၀ ဖော်ထုတ်ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုင်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများကြောင့် ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်၍ ကြီးမားသည့်အောင်မြင်မှုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် အစားထိုးသီးနှံစိုက်ခင်း၊ ဘိန်းအစားထိုး နှစ်ရှည်သီးနှံ စိုက်ခင်းများတိုးချဲ့နိုင်ရန်နှင့်ထွက်ရှိလာသည့် သီးနှံပစ္စည်းများကို ပြည်တွင်းပြည်ပ ဈေးကွက်တင်ပို့နိုင်ရေး၊ ဈေးကောင်းရရှိရေး ဆက်လက် ကူညီဆောင်ရွက်ပေးကြရန် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများကို ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၁၇ မြို့၌ အငယ်စားနှင့်အလတ်စားရေအား လျှပ်စစ်စက်ရုံများ တည်ဆောက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ၁၉၉ခု၌လည်း မီးစက် ၂၆၅လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့၊ ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစား ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း၊ ရေသယံဇာတပေါများသည့် နယ်စပ်ဒေသများ၌ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုမှု၊ ကိုယ့်အားကိုယ်ကိုး တပ်ဆင်အသုံးပြုမှုများရှိနေခြင်းကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာနေကြောင်း၊ ထို့အပြင် အသေးစားရေအားလျှပ်စစ် ထုတ်ယူသုံးစွဲနိုင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ဥက္ကဋ္ဌက လမ်းညွှန်ထားသည့်အတိုင်း အသေးစားရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်ရန်အတွက် စက်ရုံတည်ဆောက်ရေးကိုလည်း အမှတ် (၂) စက်မှုဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၅၂ ခု၊ ကြေးနန်းရုံး ၄၅ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၅ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသ အသီးသီး၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၁ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသ တိုင်းရင်းသားသွေးချင်းများ သိရှိနားလည်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က အစွန်အဖျား နယ်စပ်ဒေသများအထိ တတ်နိုင်သမျှ ပြည်တွင်းမီဒီယာ ဖြန့်ကြက်ပေးရေးနှင့် သတင်းစာမရောက်နိုင်သေးသည့် အချို့ဒေသများ၌ မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံနှစ်ရပ်စလုံး ဖမ်းယူရရှိစေရေး ဆောင်ရွက်ပေးနေကြောင်း၊ ယင်းထပ်ဆင့်လွှင့်စက်ရုံများ အချိန်မှန်မှန် ထုတ်လွှင့်နိုင်ရန်နှင့် နယ်စပ်ဒေသ ပြည်သူများ ဖမ်းယူကြည့်ရှုရန်အပိုင်းကို ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများက အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ်၁၄ခု သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲ ကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက်လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှုဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

သတ္တုကဏ္ဍအနေဖြင့် နယ်စပ်ဒေသသတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များကို စနစ်တကျ တူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသတိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်လာရေးဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများ၌ စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများဆောင်ရွက်နေပြီဖြစ်ကြောင်း။

**အရှိန်အဟုန်ကောင်းရ**

နိုင်ငံတော်က တည်ဆောက်ပေးသည့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများပေါ်မှီတည်ပြီး နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများ ရရှိနေပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ အခြေခံကောင်းများရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက ကျပ် ၆၂၃၃၅ သန်း၊ ဝန်ကြီးဌာန အသီးသီးက ကျပ်သန်း ၃၈၇၃၀၊ စုစုပေါင်းကျပ် ၁၀၁ ဘီလီယံကျော် သုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း။

ဆက်လက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက် ဆက်စပ်ဆောင်ရွက်မှု အခြေအနေကိုတင်ပြမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နတလ ဗဟိုကော်မတီဥက္ကဋ္ဌ ချမှတ်ပေးထားသည့် ရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း မူဝါဒအနေဖြင့်ပါရှိကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း မစတင်မီ ၁၀ နှစ်ဖြစ်သော ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းကို လျင်မြန်စွာ၊ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

**ဘိန်းစိုက်ပျိုးမှုလျော့နည်း**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဘိန်းစိုက်ပျိုးရာဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးခဲ့ကြောင်း၊ စာရင်းဇယားများအရ ကြည့်မည်ဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၁၀၁၀၆၆ သန်းကျော်၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်နေသည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့၍လည်း နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများအတွက် အခြားစီးပွားရေး အခွင့်အလမ်းများပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ကာလအတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့် ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ အမေရိကန်နိုင်ငံ Counter Narcotic and Crime (CNC) နှင့် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာခဲ့သည့် စာရင်းဇယားများအရ ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုသည် ၈၀ ရာခိုင်နှုန်း ကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုသည် ၈၈ ရာခိုင်နှုန်း လျော့နည်းသွားပြီဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၆ ခုနှစ်တွင် မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး ဘိန်းစိုက်ပျိုးမှု ကွင်းဆင်းတိုင်းတာချက်အရ ၂၀၀၅ ခုနှစ်နှင့် နှိုင်းစာလျှင် တစ်နိုင်ငံလုံးအနေဖြင့် ၃၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို သိရှိရကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

# ...စအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မြန်မာနိုင်ငံ၏ ဒေသအသီးသီးက တိုင်းရင်းသားပြည်သူများသည်
# ...စ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်ကိုးစားလေးစားမှု ပိုမိုမြင့်မားလာသည်ကို အားရဖွယ်တွေ့မြင်ရ



...တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ...င် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများကို အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကို ပူတာအို၊ ဗန်းမော်၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ မုဒုံ၊ ရေး၊ မြိတ်၊ ကော့သောင်း၊ မောင်တော၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ နန်းယွန်း၊ လေရှီး၊ လဟယ်မြို့များတွင် ဖွင့်လှစ်ပေးခဲ့ရာ ၁၉၉၂ခုနှစ်မှ ယခုအထိ ၂၆ကျောင်းရှိပြီးဖြစ်ကြောင်း၊ အဆိုပါ သင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် ဟင်းလျာချက်ပြုတ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

အအေးပိုင်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ နာဂဒေသ အိမ်တွင်းမှုကျောင်းများတွင် သိုးမွေးစက်ဆွဲသင်တန်းကို သီးခြားဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့အတူ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ်မြို့များရှိ အိမ်တွင်းမှုကျောင်းများတွင် အထူးပြုဘာသာရပ်အဖြစ် ရက်ကန်းသင်တန်းနှင့် ကနုကမာကျောက်စီပန်းချီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း။

**အမျိုးသမီးအိမ်တွင်းမှု**

ထို့အတူ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျော့နည်းရေးအတွက် မကွေးတိုင်း ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူမြို့များနှင့် စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များတွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုဖွင့်လှစ်လျက်ရှိသော အမှတ်စဉ်(၃) အခြေခံအိမ်တွင်းမှုသင်တန်းအထိ သင်တန်းသူပေါင်း ၇၉၁ ဦးကို သင်ကြားပေးနိုင်ခဲ့ကြောင်း၊ သို့ပါ၍ အိမ်တွင်းမှုသင်တန်းကျောင်း ၃၄ကျောင်းတို့မှ ယနေ့အထိ အခြေခံအိမ်တွင်းမှု သင်တန်းသူ ၁၈၆၂ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၁၂၇၇ ဦး၊ သိုးမွေးစက်ဆွဲသင်တန်းသူ ၆၀၂ ဦး၊ ကနုကမာကျောက်စီ ပန်းချီသင်တန်းသူ ၁၀၂ ဦး၊ အခြေခံရက်ကန်းသင်တန်းသူ ၁၀၇ ဦး၊ ဟင်းလျာချက်ပြုတ်နည်း သင်တန်းသူ ၁၃၅ ဦး စုစုပေါင်းသင်တန်းသူ ၂၀၈၄၄ ဦးတို့အား အသက်မွေးမှုပညာရပ်များ သင်ကြားပေးနိုင်ခဲ့ကြောင်း။

၄–၁၀–၂၀၀၆ရက်တွင် ကျင်းပခဲ့သည့် နတလ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၆)တွင် ဥက္ကဋ္ဌကလမ်းညွှန်ခဲ့သည့် ဒေသထွက် ကြိမ်၊ဝါး ပစ္စည်းများကို အခြေခံပြီး လက်မှုပညာရပ်ဖြင့် ကုန်ချောပစ္စည်း ထုတ်လုပ်နိုင်ရန်အတွက် နယ်စပ်ဒေသများ၌ သင်တန်းများ ဖွင့်လှစ်နိုင်ရန် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နည်းပြသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အတွက် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ဒေသခံ တိုင်းရင်းသူများကို ကြိမ်၊ ဝါး လက်မှုပညာများ စတင်သင်ကြားပေးမည်ဖြစ်ကြောင်း။

နယ်စပ်/စည်ပင် ဝန်ကြီးဌာနအား သီးခြားတာဝန်ပေးထားသော တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်းသည် ၈၁ မိုင် ၃ ဖာလုံရှိပြီး ၁၉၉၁ ခုနှစ်မှစတင်၍ ဖောက်လုပ်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရာသီမရွေးသွားလာနိုင်ရန်အတွက် တာကော်အက်–မိုင်းပတ်–ပန်ဆန်းလမ်း ၁၄ မိုင် ၄ ဖာလုံကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မိုင်းပတ်–ပန်ဆန်းလမ်းအပိုင်း ၆၆ မိုင် ၇ ဖာလုံကို ‘ဝ’အထူးဒေသ(၂)က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း။

ပတလ(ရှမ်းမြောက်)က တာဝန်ယူဆောင်ရွက်ခဲ့သည့် တာကော်အက်–မိုင်းပတ်အပိုင်း ကျောက်ခင်းခြင်းကို ၁၉၉၈ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကတ္တရာခင်းခြင်းကို ၁၉၉၉ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ မူလလမ်းအကျယ် ၁၈ ပေနှင့် ကတ္တရာလမ်းအကျယ် ၁၂ ပေသာရှိ၍ မြေပြိုပိတ်ဆို့မှုများ မကြာခဏဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအထိ တပ်မတော်သားများ၏ လုပ်အားဖြင့် လမ်းအကျယ်ပေ ၃၀ ချဲ့ခြင်းနှင့် ကတ္တရာလမ်း ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်/စည်ပင် ဝန်ကြီးဌာနကကြီးကြပ်၍ ‘ဝ’ အထူးဒေသ(၂)က တာဝန်ယူ ဆောင်ရွက်ခဲ့သည့် မိုင်းပတ်–ပန်ဆန်းလမ်းအပိုင်း ၆၆ မိုင် ၇ ဖာလုံကို ပေ ၃၀ အကျယ်ချဲ့ခြင်းနှင့် ၁၈ ပေအကျယ် ကျောက်ခင်းခြင်းလုပ်ငန်းများကို ၁၉၉၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့သည့်အတွက် ယင်းအချိန်ကစပြီး တာကော်အက်–ပန်ဆန်းလမ်းသည် ရာသီမရွေးသွားလာနိုင်ခဲ့ကြောင်း။

ဆက်လက်ပြီး မိုင်းပတ်–ပန်ဆန်းလမ်း ၆၆ မိုင် ၇ ဖာလုံကို ကတ္တရာလမ်း အဆင့်မြှင့်တင်ရေးအတွက် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၇ ခုနှစ် ဧပြီလတွင် လုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း။

နှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများမှာ–

- ၂၀၀၃–၂၀၀၄ တွင် ၁၈ မိုင်
- ၂၀၀၄–၂၀၀၅ တွင် ၁၃ မိုင် ၂ ဖာလုံ
- ၂၀၀၅–၂၀၀၆ တွင် ၁၉ မိုင်
- ၂၀၀၆–၂၀၀၇ တွင် ၁၅ မိုင်
- ဆောင်ရွက်ဆဲ ၁ မိုင် ၅ဖာလုံ

စုစုပေါင်း ၆၆ မိုင် ၇ ဖာလုံရှိကြောင်း။

ထို့ကြောင့် ယခုနှစ် ပွင့်လင်းရာသီတွင် ရည်မှန်းချက်အတိုင်း တာကော်အက်မှ ပန်ဆန်းအထိ ကတ္တရာလမ်း အဆင့်မြှင့်ခြင်းလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း။

နတလဗဟိုကော်မတီဥက္ကဋ္ဌ၏ ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ခရီးစဉ်တွင် လမ်းညွှန်ခဲ့သည့် ကလေးဝ–မော်လိုက်လမ်း အသစ်ဖောက်လုပ်ရေးအတွက် နမခက တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် တပ်မတော်သားများနှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့တို့က ၂၀၀၃ ခုနှစ် မတ်လတွင် လမ်းအူကြောင်း စတင်တိုင်းတာခဲ့ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစ၍ ဖောက်လုပ်ခဲ့ကြောင်း၊ ကလေးဝမှ မော်လိုက်အထိ ၃၆မိုင်ကို ၂၀၀၄ခုနှစ် မတ်လတွင် ရည်မှန်းချက်အတိုင်း မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျောက်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ၌ ၂၀၀၆ ခုနှစ် ဇူလိုင်လတွင်ပြီးစီးခဲ့ကြောင်း၊ ၎င်းလမ်းပေါ်၌ ပေ ၁၀၀ အောက် တံတား ၁၄၈စင်းနှင့် ပေ ၁၀၀ အထက် တံတား ၂၂စင်း ဆောက်လုပ်ရန်လျာထားခဲ့ရာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပေ ၁၀၀ အောက်တံတား ၁၄၈စင်းနှင့် ပေ ၁၀၀ အထက် တံတား ကိုးစင်း တည်ဆောက်ပြီးစီးခဲ့ပြီး ကျန်တံတားများကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း။

Strategic Trail(ခရိုင်ချင်းဆက်လမ်း)ကို ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၂)၏ လမ်းညွှန်ချက်အရ ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် ရန်ကုန်မှ မန္တလေးအထိ ၄၀၀ မိုင် ၁ဖာလုံရှိပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတို့ရှိ စည်ပင်သာယာရေးအဖွဲ့များဖြင့် ဖောက်လုပ်လျက်ရှိကြောင်း၊ ရန်ကုန်–မန္တလေးဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် မြေသားလမ်း ၃၂၃မိုင် ၅ဖာလုံ၊ ကျောက်ချောလမ်း ၂၇၆ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၃၁မိုင် ၅ဖာလုံ ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိသော ကျောက်ချောလမ်း ၄၆မိုင် ၆ ဖာလုံပြီးစီးမည်ဖြစ်သည့်အတွက် ရန်ကုန်မှ မန္တလေးအထိ ကျောက်ချောလမ်း ပြီးစီးမှာဖြစ်ပြီး ကတ္တရာလမ်း စုစုပေါင်း ၂၁မိုင် ၄ဖာလုံ ပြီးစီးမည်ဖြစ်ကြောင်း။

မန္တလေး–မော်လမြိုင် ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ ပါဝင်ပြီး စုစုပေါင်းမိုင်အရှည် ၄၄၀မိုင် ၆ဖာလုံရှိကြောင်း၊ မန္တလေးတိုင်းတွင် ၁၂၉ မိုင် ၂ ဖာလုံနှင့် ပဲခူးတိုင်းတွင် ၃၃မိုင် ၆ ဖာလုံ စုစုပေါင်း ၁၆၃မိုင်ကို ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြေသားလမ်း ၁၆၀မိုင် ၃ဖာလုံ၊ ကျောက်ချောလမ်း ၃၃ မိုင် ၄ ဖာလုံနှင့် ကတ္တရာလမ်း ၃မိုင် ဆောင်ရွက်ပြီးစီးနေကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၉ခုနှစ် ဧပြီလတွင် လမ်းညွှန်မှာကြားခဲ့ကြောင်း။

လမ်းညွှန်ချက်အရ ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ၈၀၄၂ ရွာရှိပြီး အခြားပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ၁၅၁၈၃ ရွာ ရှိသဖြင့် တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၂၃၂၂၅ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ရေခက်ခဲသော အပူပိုင်းဒေသတိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ရွာအနက် စီမံကိန်းကာလ စတင်သော ၂၀၀၀–၂၀၀၁ဘဏ္ဍာရေးနှစ်မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ ကျေးရွာစုစုပေါင်း ၇၈၉၁ရွာတွင်သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင်လည်း ဆောင်ရွက်ပေးရန် ကျေးရွာ ၁၅၁၈၃ရွာအနက် ကျေးရွာစုစုပေါင်း ၉၂၀၆ရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့သဖြင့် ၆၁ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

ပြည်နယ်နှင့်တိုင်းအားလုံးရှိ ဆောင်ရွက်ပေးရန် ကျေးရွာပေါင်း ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၇၀၉၇ရွာ၊ ရာခိုင်နှုန်းအားဖြင့် ၇၄ ရာခိုင်နှုန်းကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးရွာအိမ်ရာစီမံကိန်းကို ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှစတင်ကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးလက်အိမ်ရာများကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ကျေးလက်အိမ်ရာပေါင်း ၈၂၀လုံး၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ၇၈၉ လုံး၊ ၂၀၀၅–၂၀၀၆ခုနှစ်တွင် ၇၇၀ လုံး ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ၂၈–၂–၂၀၀၇ ရက်အထိ ၇၆၆လုံး ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ကျေးလက်အိမ်ရာ ၃၁၄၅ လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း။

ဆက်လက်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၌ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို တင်ပြလိုကြောင်း။

မြန်မာနိုင်ငံ နယ်စပ်ဒေသ၌ ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်ခဲ့သည့် ကိုးကန့်ဒေသသည် ၂၀၀၃ခုနှစ်တွင်လည်းကောင်း၊ ‘ဝ’ဒေသသည် ၂၀၀၅ခုနှစ်တွင်လည်းကောင်း ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ခဲ့ကြောင်း၊ စိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူမိသားစုများ လတ်တလော ရိက္ခာအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၀၃ခုနှစ်မှစတင်ပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ (WFP)အနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်ပြီး ၂၀၀၆ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၇၉၃ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၃၀၅၇၆ တန်ကို ကိုးကန့်ဒေသ၊ ‘ဝ’ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်၊ ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင် ဒေသများက ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တိုင်းရင်းသား တောင်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း၊ ဤကဲ့သို့ ဖြန့်ဝေရာမှ သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူများအား အခမဲ့ ထောက်ပံ့ခြင်း၊ ကျေးရွာအကျိုးပြု လုပ်ငန်း လုပ်ကိုင်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ ကျောင်းတက်သည့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများအား ဆန်ထောက်ပံ့ပေးခြင်း အစီအစဉ်သုံးမျိုးဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း။

ယခုဆက်လက်၍လည်း ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ ရိက္ခာမဖူလုံသော မိသားစုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇၃၉ သန်း တန်ဖိုးရှိသည့် ဆန်နှင့် စားနပ်ရိက္ခာ ၁၁၄၃၁၅ တန်ကို ထောက်ပံ့ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

# နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို မွန်မြတ်သောစေတနာဖြင့် ငွေကြေးများစွာကုန်ကျခံ ဆောင်ရွက်ပေးနေ

✻ စာမျက်နှာ ၉ မှ

၂၀၀၅ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံမှ (WFP) သို့ လှူဒါန်းသည့်ဆန်တန် ၁၀၀၀ ကိုလည်း တာချီလိတ်မြို့မှ တစ်ဆင့် “ဝ”ဒေသသို့လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာ–တရုတ်နယ်စပ်ရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများအတွက် လှူဒါန်းသည့် ယွမ်း သန်း ၃၀၊ မြန်မာငွေကျပ် ၅ ဘီလီယံဖိုးခန့်ရှိသော ဆန်တန်ချိန် ၁၀၀၀၀ကို ပန်ဝါ၊ လိုင်ဇာ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားမှတစ်ဆင့် ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများသို့လည်းကောင်း ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် “ဝ” ဒေသ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း Wa Alternative Development Project (WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၉၉ သန်းဖြင့် ၁၉၉၈ ခုနှစ်မှစ၍ ၂၀၀၇ခုနှစ်အထိ “ဝ”ဒေသ(တောင်ပိုင်း)မိုင်းပေါက်မြို့နယ်ခွဲအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၁၉၉၄ ခုနှစ်က စတင်ပြီး ၂၀၀၇ ခုနှစ်အထိ UNDP ထည့်ဝင်ငွေ ၃၈ သန်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအဆင့်ဆင့် ဆောင်ရွက်မှုအနေဖြင့် စီမံကိန်းအဆင့်(၁)မှ (၃)အပါ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ သန်းဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊

စီမံကိန်းအဆင့်(၄)ကို ၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်၊ စုစုပေါင်း ၂၆ မြို့နယ်က ကျေးရွာပေါင်း ၈၄၉ ရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်း ရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နယ်စပ်ဒေသ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## မွန်မြတ်သောစေတနာ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို နိုင်ငံတော်က မွန်မြတ်သောစေတနာဖြင့် ငွေကြေးများစွာ အကုန်အကျခံ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။**

**နိုင်ငံတော်၏ စေတနာနှင့် မျှော်မှန်းထားသည့်အတိုင်း နယ်စပ်ဒေသများရှိ တိုင်းရင်းသား လူမျိုးများအားလုံး၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာရန် အရေးကြီးကြောင်း။**

## မျက်ခြည်မပြတ်ရန် အရေးကြီး

**ခေတ်အဆက်ဆက် လူနေမှုအဆင့်နိမ့်ကျခဲ့ရသော ညီအစ်ကိုတိုင်းရင်းသား လူမျိုးအများစု ကောင်းစားရေး၊ ယင်းတို့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျှော်မှန်း ဆောင်ရွက်နေခြင်းဖြစ်သည်ကို အမြဲမျက်ခြည်မပြတ်ရန် အရေးကြီးကြောင်း**ဖြင့် နိဂုံးချုပ်မှာကြားပြီး အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**၂၀၀၃–၂၀၀၄ ခုနှစ်မှ ၂၀၁၂–၂၀၁၃ ခုနှစ်အထိ ၁၀ နှစ်စီမံကိန်းဖြင့် ရွှေ့ပြောင်းတောင်ယာများအစား ကုန်းမြင့်လယ်ယာများဖြင့် အစားထိုးဖော်ထုတ်သွားရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ ၁၀နှစ်စီမံကိန်း ရည်မှန်းဧကမှာ ဧက ၁၁၁၉၀၀ ဖြစ်သည်။**

**ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအရ ယနေ့အထိ ချင်းပြည်နယ်၌ လျာထားဧကအပေါ် ၂၈၅၉ဧက၊ မကွေးတိုင်း၌ မူလလျာထားချက်မပါသော်လည်း ၂၀၁ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လျာထားဧကအပေါ် ၉၁၈၃ ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ မူလလျာထားချက်မပါသော်လည်း ၄၇၇၂ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လျာထားဧကအပေါ် ၄၄၃၅ဧက ဖော်ထုတ်ပြီးဖြစ်ရာ စုစုပေါင်း ဧက ၂၁၄၅၀ ကို ဖော်ထုတ်ပြီးဖြစ်ကြောင်း သိရှိရသည်။**



## သစ်တောရေးရာ

**သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေးတွင် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်းကို ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသများမှ ကချင်ပြည်နယ်၌ မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်၊ ချင်းပြည်နယ်၌ ဖလမ်းခရိုင်၊ ရခိုင်ပြည်နယ်၌ ကျောက်ဖြူခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်၊ တာချီလိတ်ခရိုင်တို့ဖြစ်ပြီး ပါဝင်သည့်မြို့နယ် စုစုပေါင်းမှာ ၂၂ မြို့နယ်ဖြစ်သည်။

**စီမံကိန်း လုပ်ငန်းများ စတင်သည်မှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတွင် ရွှေ့ပြောင်းတောင်ယာ စာရင်းကောက်ယူမှုမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်သည်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၌ ၁၀၁၇၅ဧက လျာထားခဲ့ပြီး ၁၂၀၆၄ ဒသမ ၅ ဧကအထိ ဆောင်ရွက်နိုင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁၁၉ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်။**

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း၌ ၆၄ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်သည်။

သရုပ်ပြစိုက်ပျိုးပညာပေးခြင်းလုပ်ငန်း၌ ကွန်တိုပေါင် ပြုလုပ်ခြင်းအပိုင်းတွင် ၃၈၈ရာခိုင်နှုန်း၊ သဘာဝ မြေသြဇာပြုလုပ်ခြင်းအပိုင်းတွင် ၁၂၃ရာခိုင်နှုန်း၊ သင်တန်းပို့ချခြင်းအပိုင်းတွင် ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။ ပျိုးပင်ဖြန့်ဝေခြင်းလုပ်ငန်း၌ အပင် ၁၆သိန်းဖြန့်ဝေရန် လျာထားသည့်အနက် ၉၉ရာခိုင်နှုန်း ဖြန့်ဝေပြီးဖြစ်ကြောင်း သိရှိရသည်။

## မွေးမြူရေးနှင့်ရေလုပ်ငန်း

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသမွေးမြူရေး လုပ်ငန်းများကို ၁၉၈၉ခုနှစ်မှ စတင်၍ ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်ခဲ့သည်။**

**ယင်းသို့ ဆောင်ရွက်ရာ၌ စံပြမွေးမြူရေးခြံများ တည်ထောင်ဖွင့်လှစ်ခြင်း၊ တိရစ္ဆာန်ဆေးကု ဆရာဝန်များ ခန့်အပ်တာဝန်ပေးခြင်း၊ တိရစ္ဆာန်ဆေးကု အခြေစိုက်ရုံးများ ဖွင့်လှစ်ခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ မွေးမြူရေးပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းစသည့် လုပ်ငန်း အစီအစဉ်(၄)ရပ်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။**

ငါးမွေးမြူရေးလုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်လည်း အားပေးပံ့ပိုးလျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသတိုင်းရင်း ကြက်၊ဝက် မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးရေး စီမံချက်အရ နယ်စပ်ဒေသ မြို့နယ် ၃၃ မြို့နယ်၌ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ ကြက် ၄၈၇၆၈ကောင်၊ ဝက် ၃၇၅၆ကောင်နှင့် ဆိတ် ၁၀ကောင်တို့ကို မွေးမြူရေးဘဏ်စနစ်ဖြင့် အခမဲ့ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသတစ်နိုင် ကြက်ဝက်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံချက်ကို ၂၀၀၇–၂၀၀၈မှ ၂၀၀၉–၂၀၁၀ပြည့်နှစ်အထိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ ဆက်သွယ်သွားလာနိုင်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။ တန့်ယန်း–ပန်ဆန်းကားလမ်း၊ မန်မန်ဆိုင်နှင့် ကုန်းသာရွာအကြား ကတ္တရာခင်းပြီးစီးမှုကို ဤသို့တွေ့မြင်ရသည်။**

## ဆောက်လုပ်ရေး

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသလမ်းများ၊ နယ်စပ်ဒေသလမ်းများကို မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် တိုးတက်ကောင်းမွန်ရန်နှင့် လမ်းမပေါက်သေးသည့် ဒေသများကိုလမ်းပေါက်ရန် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။**

**ယင်းသို့ ဆောင်ရွက်ရာတွင် ၁၉၈၉–၉၀ ဘဏ္ဍာနှစ်မှ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ ဆောင်ရွက်ပြီး ကျေးလက်ဒေသ၊ နယ်စပ်ဒေသနှင့် ဆက်စပ်လျက်ရှိသော လမ်းလုပ်ငန်းများမှာမြေလမ်း ၄၃၀၅မိုင် တစ်ဖာလုံ၊ အမာခံလမ်း ၈၂မိုင် ခြောက်ဖာလုံ၊ ကျောက်ခင်းလမ်း ၃၂၂၁မိုင် ခြောက်ဖာလုံ၊ ကတ္တရာလမ်း ၂၂၉၅မိုင် ဖြစ်ပြီး စုစုပေါင်းလမ်း အရှည်မှာ ၁၀၇၀၄မိုင် ငါးဖာလုံ ဖြစ်သည်။**

**တံတားလုပ်ငန်းအနေဖြင့် တံတားကြီး ၁၅၆စင်း၊ တံတားငယ် ၁၀၃၁စင်း ကြိုးတံတားအစင်း ၅၀ ဖြစ်ပြီး တည်ဆောက်ပြီး တံတားစုစုပေါင်းမှာ ၁၂၃၇စင်း ဖြစ်သည်။**

## အမှတ်(၁)လျှပ်စစ်စွမ်းအား

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသများ လျှပ်စစ်မီးတိုးတက်ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

ကျေးလက်ဒေသများ လျှပ်စစ်မီးတိုးတက်ရရှိရေး ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော တစ်ပိုင်တစ်နိုင် အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြစ်မြောက်နိုင်စွမ်းအခြေအနေများ စူးစမ်းလေ့လာခြင်း၊ လိုအပ်ပါက ဒီဇိုင်းပုံစံ ထုတ်လုပ်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဖြစ်မြောက်နိုင်စွမ်းရှိသော အသေးစားရေအားလျှပ်စစ်လုပ်ငန်းများအနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီး၌ ၁၀၀ ကီလိုဝပ်မှ (၁)မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်း ၁၃၁ခု၊ (၁)မဂ္ဂါဝပ်မှ(၂) မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်း ၃၀၊ (၂)မဂ္ဂါဝပ်မှ (၅)မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်း ၂၄ ခုဖြစ်ပြီး စုစုပေါင်းရရှိနိုင်မည့်ဓာတ်အားမှာ မဂ္ဂါဝပ် ၁၉၀ ခန့် ဖြစ်သည်။**

**ထပ်မံ စူးစမ်းလေ့လာချက်များအရ အကောင်အထည် ဖော်သွားနိုင်မည့် အသေးစားရေအားလျှပ်စစ် စီမံကိန်းများမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မွန်ပြည်နယ်အတွင်းရှိ စီမံကိန်းများဖြစ်သည်။**

**စီမံကိန်းအရေအတွက် စုစုပေါင်း ၁၈ခုဖြစ်ပြီး ဓာတ်အားမဂ္ဂါဝပ် ၃၀ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သာစည်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် တာဝန်ရှိသူများလိုက်ပါ၍ မတ် ၂၅ ရက် နံနက် ၁၁ နာရီတွင် သာစည်မြို့နယ် ရွှေယင်မျှော်စေတီတော်သို့ရောက်ရှိပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေယင်မျှော် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမနှင့် ရှာပုလဲကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနရသုခတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် စေတီတော်ကြီး၌ ကပ်လှူပူဇော်ရန် စေတနာရှင်များ စုပေါင်းလှူဒါန်းထားကြသော ရွှေဆိုင်းများနှင့် အောက်ခံကြေးပြားများကို ဆက်ကပ်လှူဒါန်းကြသည်။**

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ရွှေယင်မျှော်စေတီတော်၏ ရွှေထီးတော် ပြုပြင်မွမ်းမံနေမှုကို ဖူးမြော်ကြည်ညို၍ ရွှေထီးတော်၌ ရွှေသင်္ကန်းများ စတင်ကပ်လှူပူဇော်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများနှင့်အတူ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် တောမကျေးရွာ ရေဆင်းလုံးသွယ်မျိုးသန့်နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်နှင့် ကျေးရွာမန်နေဂျာများက မိတ္ထီလာမြို့နယ်၏ နွေစပါးစိုက်ပျိုးမှု၊ ဆည်ရေရရှိမှုနှင့် ပန်းတိုင် စပါးအထွက်နှုန်းကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်တောင်သူများအား ကူညီဆောင်ရွက်ပေးရမည့်လုပ်ငန်းများ မှာကြားသည်။

မိတ္ထီလာမြို့နယ်၌ ယခုနှစ်နွေစပါး ဧက ၂၃၀၀ကျော် စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်သည်။ ဆည်ရေကို မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ညောင်ကုန်းတမံ၊ လက်ခုပ်ပင် တမံ၊ ချောင်းကောက်ရေလှောင်တမံနှင့် ကန်တောင်ကန်တို့မှ ဆည်ရေပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် လက်ပံခေါင်းကျေးရွာ အမှတ် (၁၇၈) မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာအတတ်သင် သင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသူများ၊ ကျေးရွာ လူထုတို့နှင့်အတူ တက်ရောက်သည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးကြည်မောင်၊ မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများအား အာဟာရ တိုက်ကျွေးနေမှု၊ ကျောင်းဆောင်သစ်နှင့် သောက်သုံးရေ၊ စက်ရေတွင်း၊ ကျောင်းအိမ်သာနှင့် ကလေးအားကစားကွင်းတို့ကို ကြည့်ရှုပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာလူထုအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည် မြင့်မားရေးအတွက် အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့က ပူးပေါင်း၍ ဒေသအလိုက် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆောင်ရွက်နေမှုအခြေအနေများနှင့် လက်တွေ့ရရှိနေသော ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး၊ စာအုပ်များကိုလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်းက လက်ခံယူသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် တောမကျေးရွာ တောမဈေး ဈေးနေ့တွင် နယ်မြေအသီးသီးမှ လာရောက်ကြသူများ အသုံးပြုရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စည်းရုံးမှုဖြင့် အလှူရှင်များ၊ အသင်းဝင်များက စုပေါင်း တူးဖော်လှူဒါန်းသည့် စက်ရေတွင်း၏ ရေရရှိမှု အခြေအနေများကို ကြည့်ရှုပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာသို့ ရောက်ရှိပြီး မှန်ကျောင်း ဆရာတော် ဘဒ္ဒန္တတိလောကအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရပ်မိရပ်ဖများ၊ အသင်းဝင်များ၊ကျေးရွာလူထုနှင့် တွေ့ဆုံ၍ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မကျီးပင်ပု မူလတန်းကျောင်းသားများအတွက် ကျောင်းသုံးသင်ခန်းစာ စာအုပ်များပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်သိန်းက လက်ခံယူသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများနှင့် အသင်းဝင်များ၊ ကျေးရွာလူထုတို့ တည်ဆောက်ပြုပြင်မွမ်းမံပြီးစီးသည့် လောကရန်နိုင်စေတီတော်နှင့် တည်ဆောက်မွမ်းမံပြုပြင်ဆဲ လောကမာန်အောင်စေတီ၊ လောကထိပ်တင်စေတီနှင့် လောကထိပ်ပန်စေတီတို့ကို ဖူးမြော်ကြည်ညိုပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ဓမ္မကထိက သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကလေးစံပြကျေးရွာ ကျိုက်ဇများကျောင်း အခြေပြုပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ကျေးရွာသံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမန ကြီးမှူးဖွင့်လှစ်သော တတိယအကြိမ်မြောက် ဓမ္မကထိက သင်တန်းကို ကဆုန်လဆန်း ၄ ရက် (ဧပြီ ၁၉ ရက်မှ မေ ၁၈ ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော သံဃာတော်များ ဧပြီ ၁၈ ရက် ညနေ နောက်ဆုံးထား အရောက်ကြွရောက်ပါရန် သင်တန်းဖြစ်မြောက်ရေး ကော်မတီက ပင့်လျှောက်ထားသည်။

(ဗြ)

## ပုပ္ပားစကားဝါမြေ ဆရာတော် တရားပွဲ များ

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဧပြီ ၃ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် စိတ္တသုခလမ်း မိသားစု၏ ဓမ္မပူဇာသဘင်ပွဲနှင့် ဧပြီ ၈ ရက်နှင့် ၉ရက်တို့တွင် ရွှေပြည်သာမြို့နယ် (ဏ/၁၄)ရပ်ကွက် ပန်းခြံ(၅) မိသားစု၏ ဓမ္မပူဇာသဘင်ပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

## သင့်သွေးဖြင့် အသက်ကယ်ပါ




## ၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး စားပွဲတင် တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

**၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရေဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။**

ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသားအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုတို့ကို ရေဝတီ ရေတပ်စခန်းဌာနချုပ်အသင်းက ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် အကောင်းဆုံး အားကစားသမားဆုနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ရေဝတီ ရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## မီးသုံးခွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

## ခရီးသည်တင် အမြန်ယာဉ်များ မဆင်မခြင်မောင်းနှင်မှုကြောင့် ကလောမြို့နယ်နှင့် ပဲခူးမြို့နယ်တို့၌ ယာဉ်မတော်တဆမှုနှစ်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၈

**တောင်ကြီးမှ ရန်ကုန်သို့ပြေးဆွဲနေသော ရဲသူအောင် ခရီးသည်တင် အမြန်ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးထွန်းညိုမောင်းနှင်သည့် ယာဉ်အမှတ် ၃ခ/၈၉၇၂ သည် ၂၀၀၇ခုနှစ် မတ် ၂၇ ရက် ညနေ ၄ နာရီခန့်တွင် မိုင်တိုင်အမှတ် (၄၈/၄၉) ထနောင်းပင်ကွေ့၌ ကားဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘယ်ဘက်ချောက်အတွင်းသို့ ပေ ၁၀၀ ခန့် ပြုတ်ကျတိမ်းမှောက်သွားခဲ့သည်။**

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် သံဃာတော်တစ်ပါး၊ အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦး စုစုပေါင်း ရှစ်ဦးသေဆုံးပြီး၊ ခရီးသည် ၃၇ဦး ဒဏ်ရာရရှိသွားသဖြင့် ကလောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

အခင်းဖြစ်ပွားရာနေရာသို့ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နယ်မြေခံတပ်ရင်းမှူးနှင့် တပ်မတော်သားများ ကလောမြို့နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

၂၀၀၇ခုနှစ် မတ် ၂၇ရက် ည ၁၀နာရီ ၄၅မိနစ် အချိန်ခန့်ကလည်း ရန်ကုန်မှ မန္တလေးသို့ ပြေးဆွဲသော ဂန္ထဝင် ခရီးသည်တင် အမြန်ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးသန်းဝင်း မောင်းနှင်သည့် ယာဉ်အမှတ် ၃ခ/၆၅၄၄ သည် ပဲခူးမြို့နယ် တပ်ကလေးကျေးရွာအနီးသို့ရောက်ရှိစဉ် လမ်းဘေး၌ ရပ်ထားသည့် ထော်လာဂျီယာဉ်အား ဝင်တိုက်မိပြီး တောင်ငူဘက်မှ မောင်းနှင်လာသည့် တီအီး ခြောက်ဘီးယာဉ် ယာဉ်အမှတ် ထ/၄၅၇၆ နှင့် မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်တွင်စီးနင်းလိုက်ပါသည့် အမျိုးသားခုနစ်ဦး၊ ကလေးတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၀ဦး သေဆုံးပြီး ခရီးသည် ၂၅ဦး ဒဏ်ရာရရှိသွားသဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

အခင်းဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ၊ ပဲခူးမြို့နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်း မီးလောင်မှုများဖြစ်ပွား

ရန်ကုန် မတ် ၂၈

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာအုပ်စု ဇင်းချောင်းကျေးရွာ၌ မတ် ၂၆ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံး၊ နွားစာသိုလှောင်တဲတစ်လုံးနှင့် နွားတစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ရေဝေကျေးရွာအုပ်စု ဆုံကုန်းကျေးရွာ၌ မတ် ၂၇ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၅၁လုံး၊ နွားနှစ်ကောင်နှင့် ဝက်နှစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည်များအား ကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့် ဘုန်းကြီးကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ညောင်ရိုပ်သာ တရားစခန်းနှင့် ဒုလ္လဘရဟန်းခံရှင်ပြုပွဲ

**ရန်ကုန် မတ် ၂၈**

သာကေတမြို့ ကျက်သရေဆောင် ၁၀၈ တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိုပ်သာတရားစခန်းတွင် လယ်တီ ဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ပဓာနနာယက အရှင်ကေသရာဘိဝံသ ဆရာတော်က သင်္ကြန်တွင်း ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းကို ဒုလ္လဘအပါး ၁၀၀ ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်၍ တရားစခန်းဝင်ရောက်လိုသူများ၊ ဒုလ္လဘရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများ၊ အလှူပါဝင်လိုသူများသည် ဖုန်း-၅၄၇၀၂၅၊ ၀၉-၅၁၃၅၅၄၂ တို့သို့ ဆက်သွယ်ပါဝင်နိုင်ကြောင်းသိရသည်။ (က-ပ)



အမှတ်(၃) အခြေခံပညာဦးစီးဌာန လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ (၁၆)ကြိမ်မြောက် သီလရှင်ဝတ် အလှူတော်မင်္ဂလာကို မတ် ၂၄ ရက်က ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ ကျင်းပရာ ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘနအား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၏ ဇနီး ဒေါက်တာ ဒေါ်စန္ဒာအောင်က လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းစဉ်။(ပညာရေး)

## (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၃)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၂၆ ရက် ညနေ ၃ နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၃)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဝန်ကြီးက ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့ရှိ အားကစားကွင်းများ၌ ဧပြီ ၁ ရက်အထိ၊ ရှုံး/ထွက်ပွဲစဉ်များကို ဧပြီ ၄ ရက်မှ ၅ ရက်အထိ၊ အကြိုဗိုလ်လုပွဲများကို ဧပြီ ၆ ရက်မှ ၇ ရက်အထိ၊ ဗိုလ်လုပွဲကို ဧပြီ ၉ ရက်တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၂၂-ခ)နေ
(ဦးငွေအောင်)-ဒေါ်ခင်လေးနွယ် (ဆိမ့် မုန့်တိုက်)တို့၏ သား

**မောင်ဖြိုးလင်းအောင်** Dip; in PLC (Malaysia), LCCI Diploma, ACCA (Part II) (Singapore)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြကန်သာ(၂)လမ်း၊ အမှတ်(၁၂)နေ
ဦးအောင်သန်းမြင့် (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ရီတို့၏သမီး

**မငုဝါအောင်** A.G.T.I (EP), Bachlor of Business Administration

တို့၏ ၂၅-၃-၂၀၀၇(တနင်္ဂနွေနေ့) Traders Hotel Myanmar Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီး ဒေါ်မြသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်မင်းနှင့် ဇနီး ဒေါ်သန်းသန်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆည်အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများ ဖျော်ဖြေပေးကြသော Lazy Club တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မအေးပြည့်အောင်နှင့် မစုပြည့်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မကြည်ပြာအောင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မနှင်းနှင်း၊ သတို့သားအရံ မောင်ဟိန်းမင်းဝင်းနိုင်နှင့် မောင်ကျော်ဇင်မိုး၊ သတို့သမီးအရံ မခိုင်လင်းပပနှင့် မအိအိချော၊ မိတ်ကပ်၊ ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်း၊ ပန်းအလှပြင် နီနီပွိုင့်၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မေတ္တာဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော ဦးခင်မောင်အေးနှင့်အဖွဲ့၊ သတို့သမီးအရံ အဝတ်အစားများကို မေတ္တာဖြင့်ဖန်တီးပေးသော အန်တီသိန်း (ရွှေသဇင်အပ်ချုပ်ဆိုင်)အားလည်းကောင်း၊ Traders Hotel Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးလင်းအောင်-မငုဝါအောင်**

## ပြည်တွင်းသတင်းမှတ်တမ်း

### မန္တလေးစက်မှုဇုန်လုပ်သားများ တီဘီရောဂါ အခမဲ့ကုသပေးမည်

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးစက်မှုဇုန်ရှိ စက်ရုံလုပ်သားများကို နယ်လှည့်ဓာတ်မှန်ရိုက်ယာဉ်ဖြင့် စက်ရုံအရောက် တီဘီရောဂါ ရှာဖွေရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။ ယင်းအစီစဉ်အရ မန္တလေး စက်မှုဇုန် (၁)နှင့် ဇုန်(၂) ရှိ စက်ရုံများမှ လုပ်သားဦးရေ ၄၀၀၀ ကို စက်ရုံအရောက် ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများကို အခမဲ့ပြုလုပ်ပေးမည်ဖြစ်သည်။

### မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နည်းပညာလုပ်ငန်းခွဲများ ဖွဲ့စည်းမည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ အင်ဂျင်နီယာဘာသာရပ်များအလိုက် Technical Division (နည်းပညာလုပ်ငန်းခွဲ)များ ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်သည်။

Technical Division များ ဖွဲ့စည်းရာတွင် အသင်းဝင်များ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတည်ရာ ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေ၌ မတ် ၃၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားများတက်ရောက် ဆွေးနွေးပေးကြရန် နှိုးဆော်ထားသည်။

### အထူးဈေးရောင်းပွဲတော် ဟင်္သာတ၌ ဖွင့်လှစ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့ ကျောက်တော်ကြီးဘုရားဝင်း မုခ်ဦးရှေ့၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးခင်စိုးနှင့် ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို မတ် ၃၁ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

### ကျေးလက် ကျောက်ချောလမ်းဖွင့်လှစ်

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၄၁ သိန်း အကုန်အကျခံကာ အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ ပေရှိ ဝမ်းတွင်း-နတ်ကန်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါမုခ်ဦး၌ ကျင်းပသည်။

### တန့်ဆည်မြို့နယ် တပင်ရွှေထီးလမ်း ကျောက်ချောခင်း

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တပင်ရွှေထီးလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၁ ရက်က အမှုဆောင်အရာရှိ ဦးမျိုးငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကွင်းဆင်းကြည့်ရှုကြပ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## ဆိုနီအယ်ရစ်ဆင် အလွတ်တန်း တင်းနစ်ဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

**မီယာမီ မတ် ၂၈**

အမေရိကန်နိုင်ငံ မီယာမီကမ်းခြေ၌ ကျင်းပသည့် ဆိုနီအယ်ရစ်ဆင်ဖလား အလွတ်တန်းတင်းနစ်ပြိုင်ပွဲ စတုတ္ထဆင့်ပွဲစဉ်တွင် ကမ္ဘာ့အဆင့် ၅၅ ရှိ အာဂျင်တီးနားနိုင်ငံမှ ကစားသမား ဂူလီယာမိုကာနပ်စ်သည် ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ တင်းနစ် အကျော်အမော် ရော်ဂျာဖက်ဒရဲရားကို မမျှော်လင့်ဘဲ အနိုင်ရရှိသွားသည်။

**အနိုင်ယူ**

ယခုပွဲစဉ်သည် ကာနပ်စ်က ဖက်ဒရဲရားအား ဒုတိယအကြိမ် အနိုင်ရရှိလိုက်သောအောင်ပွဲပင်ဖြစ်သည်။

ယနေ့ကစားသည့် ဒုတိယပွဲတွင် ကာနပ်စ်က ၇-၆ (၇-၂)၊ ၂-၇၊ ၇-၆ (၇-၅) ဖြင့် အနိုင်ယူသွားခြင်းဖြစ်သည်။

မကြာမီက ပြီးစီးသွားသော တင်းနစ်ပွဲစဉ်များတွင် ကမ္ဘာ့အဆင့်တစ်ရှိ တင်းနစ်မောင်မယ်များ ရှုံးပွဲနှင့် ရင်ဆိုင်ရသော အဖြစ်များနှင့် ကြုံကြရသည်။ ဩစတြေးလျ အလွတ်တန်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ထိပ်တန်း တင်းနစ်မယ် ရှာရာပိုဗာသည် လူမည်း တင်းနစ်မယ် ဝီလီယံကို ၆-၁၊ ၆-၂ ဖြင့် အပြတ် ရှုံးသွားခဲ့ရသည်။

အာဂျင်တီးနား ကစားသမား ကာနပ်စ်ကလည်း ယနေ့ပွဲတွင် မိမိအကောင်းဆုံး ကစားခဲ့ကြောင်း၊ သို့သော် မည်သည့်အတွက် အနိုင်ရသည် ဟူသောအချက်ကို မိမိ မသိကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

***အင်တာနက်***

**တင်းနစ်ပြိုင်ပွဲအပြီးတွင် အောင်နိုင်သူ ကာနပ်စ် (ဝဲ)နှင့် ရှုံးနိမ့်သူ ဖက်ဒရဲရားတို့ကို တွေ့ရစဉ်။**



## အမျိုးသားယဉ်ကျေးမှု စာရိတ္တပညာသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၈**

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ခါနွေဦး အမျိုးသားယဉ်ကျေးမှု စာရိတ္တပညာသင်တန်းနှင့် သင်တန်းပေါင်းစုံဖွင့်လှစ်လျက်ရှိရာ မတ် ၁၃ ရက်က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ပန်းဘဲတန်းမြို့နယ် အလုပ်အမှုဆောင် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ တာဝန်ခံ ဒေါက်တာဝင်းကိုလှက သင်တန်းသား၊ သင်တန်းသူများအား ဟောပြောပို့ချသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

### ၂၉-၃-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၃၅** ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၃၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၃၅** ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၃၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# ဆူကြိုးနိမ့်မြင့် ကွာဟမှုများလျော့နည်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုရရှိလာ

☆ ရှေ့ဖုံးမှ

ဗဟိုကော်မတီအတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊

**နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ဒေသတွင်းမှာပင် အဆင့်မြင့်ပညာရပ်များ သင်ယူဆည်းပူးနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည့် လွိုင်လင်ခရိုင် ပင်လုံမြို့ ပင်လုံတက္ကသိုလ်ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ဗဟိုကော်မတီတွဲဖက် အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အထူးဖိတ်ကြားထားသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ▲

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)